# ပဲခူးတိုင်းဒေသကြီး

# ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်

# ၂၀၁၈-၁၉ ခု၊ ဘဏ္ဍာရေးနှစ်

စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်

ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင် မိတ်ဆက်

ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ပေးရာတွင် အစိုးရဘတ်ဂျက်များမှာ အရေးအပါဆုံး အစိုးရ၏မူဝါဒနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရသည် ဒေသတွင်းပြည်သူများ၏ နေထိုင်မှုဘဝများ တိုးတက်ကောင်းမွန်စေရေးကို ဆောင်ကြဉ်းပေးနိုင်ရန် ကတိကဝတ်ထားရှိပါသည်။ စီးပွားရေးတိုးတက်စေရေး၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်ကောင်းမွန်သော ဘတ်ဂျက်ရေးဆွဲခြင်းနှင့် စီမံကိန်းချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုကောင်းမွန်ရန် လိုအပ်ခြင်းတို့မှာ ပဓာနကျပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပြည်သူ့ထံ တာဝန်ယူ၊ တာဝန်ခံမှုရှိခြင်းနှင့် ပြည်သူလူထုပါဝင်နိုင်စေခြင်းတို့မှာ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုတွင် အရေးပါဆုံးအချက်များ ဖြစ်ပါသည်။

ယခုစာစောင်မှတဆင့် လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ဆိုင်ရာမူဝါဒကို ပြည်သူလူထုထံ တင်ပြခြင်းနှင့် ပြည်သူ့ထံမှအကြံပြုချက်များကိုရယူခြင်းဖြင့် ဖော်ပြပါ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အရေးပါသည့်အချက် ၃ ချက် ထမြောက်အောင်မြင်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဆက်လက်ဖော်ပြမည့်စာမျက်နှာများတွင် လာမည့်ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးမျှော်မှန်းချက်၊ ကဏ္ဍအလိုက်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် မျှော်မှန်းထားသည့် အသုံးစရိတ်များနှင့် ရငွေအခြေအနေများကို ဖော်ပြထားပါသည်။ ယခုစာစောင်၏ ရည်ရွယ်ချက်များအဖြစ်

- ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရ မဟုတ်သောအရပ်ဖက်အဖွဲ့အစည်းများစသည့် ပါဝင်ပတ်သက်သူများအကြား လာမည့် ဘတ်ဂျက်ကာလများအတွက် ဘတ်ဂျက်ဆိုင်ရာ ဆွေးနွေးမှုများနှင့် အကြံပြုချက်များကို အားပေးနိုင်ရန်
- ပြည်သူ့ရေးရာအရင်းအမြစ်များကို မည်သို့ရှာဖွေသည်၊ မည်သို့စီမံခန့်ခွဲသည်တို့ကို ရှင်းလင်းပြည့်စုံစွာထုတ်ပြန်၍ ပြည်သူလူထု၏မျှော်မှန်းချက်များကို ပြည့်ဝအောင်မြင်စေနိုင်မည့် ဦးစားပေးကဏ္ဍများ ရေးဆွဲနိုင်ရန်
- ဘတ်ဂျက်မဟာဗျူဟာနှင့်အညီ ဌာန၊ အဖွဲ့အစည်းများ၏ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲမှု တိုးတက်ကောင်းမွန်လာစေခြင်းဖြင့် ထိရောက်သည့် အသုံးစရိတ်သုံးစွဲမှုများ ဖြစ်စေရန် ရည်ရွယ်ပါသည်။

ထို့အတွက်ကြောင့် ယခု ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်မှာ အစိုးရ၏ တာဝန်ယူ၊ တာဝန်ခံမှုနှင့် ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှုတို့ကို တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါသည်။ ထိုမှတဆင့် လာမည့်ဘတ်ဂျက်ကာလများတွင် ပြည်သူလူထု၏လိုအပ်ချက်များကို ပိုမို တုန့်ပြန်နိုင်စေရေးနှင့် ဘတ်ဂျက်ဆိုင်ရာ မျှော်မှန်းလျာထားချက်များကို ဖြစ်ပေါ်နိုင်ရေးတို့တွင် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

သတင်းအချက်အလက်များ ပံ့ပိုးပေးထားသော ပြည်သူများက ဆုံးဖြတ်ချက်ချမှတ်သူများ၊ မူဝါဒချမှတ်သူများနှင့် ဆက်သွယ်ပြောဆိုနိုင်သည့်နည်းလမ်းများ ဖြစ်ပေါ်စေခြင်းမှာ ကျွန်ုပ်တို့ တိုးတက်ကောင်းမွန်လာစေရန် ရည်မှန်းထားသည့် အပြန်အလှန်ဆက်ဆံရေးတွင် အရေးပါသည့် ဖြစ်စဉ်တစ်ရပ် ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူလိုလားချက်များကို နားထောင်ပြီး တုန့်ပြန်ဖြေရှင်းပေးနိုင်သည့် လူမှုပဋိညာဉ် ဖန်တီးပေးရန်၊ ပြည်သူများ၏ပါဝင်မှုကို လက်ခံ၊ တံခါးဖွင့်ပေးသည့် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးရန် ကတိကဝတ်ထား ရှိပါသည်။ ထို့အတွက်ကြောင့် အစိုးရ၏ဘဏ္ဍာရေးပြက္ခဒိန်နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက် များကို ထည့်သွင်းထားပါသည်။ ပြည်သူများကလည်း မိမိတို့ဘဝများအပေါ် တိုက်ရိုက်ပတ်သက်သည့် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် စတင်ပါဝင်လာရန် တိုက်တွန်းအပ်ပါသည်။ ယခုစာစောင်တွင် ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်သည့် အချက်အလက် များကို ထည့်သွင်းထားပြီး၊ ပြည်သူများထံမှ တုန့်ပြန်မှုများကို မျှော်လင့်အပ်ပါသည်။

ယခုကဲ့သို့ နှစ်စဉ်ထုတ်ပြန်ရမည့် ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်မှတဆင့် မိမိတို့၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာဖြည့်ဆည်းပေးနိုင်မည့် မျှတမှုရှိသော၊ အားလုံးပါဝင်နိုင်ခွင့်ရှိသော ဘတ်ဂျက်နှင့် စီမံကိန်းချမှတ်အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် ပြည်သူများ ပါဝင်လာနိုင်စွမ်း ရှိစေရန် ပံ့ပိုးပေးနိုင်မည်ဟု မျှော်မှန်းပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ တာဝန်ဝတ္တရားများ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်သို့ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့်လုပ်ငန်းတာဝန်များကို လမ်းညွှန်ပေးပါသည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖော်ပြပြီး၊ ၎င်းတို့တွင် ဇယား ၁ ၌ ဖော်ပြထားသည့် ပြည်ထောင်စုအစိုးရ၏တာဝန်များနှင့်ထပ်နေသည်များလည်းရှိသကဲ့သို့ ရှင်းရှင်းလင်းလင်း ခွဲခြားထားသည်လည်း ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ အရ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ခွဲဝေပေးထားသည့် လုပ်ငန်းတာဝန်များမှာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) များတွင် ပါဝင်ပါသည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ အရ ပဲခူးတိုင်းဒေသကြီးအစိုးရ၏အဓိကတာဝန်ဝတ္တရားများ

| (၁) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | (၂) စီးပွားရေးကဏ္ဍ |
|---|---|
| ▪ တိုင်းဒေသကြီး အရအသုံးခန့်မှန်းခြေငွေစာရင်း<br>▪ ဒေသန္တရစီမံကိန်း<br>▪ ဒေသဆိုင်ရာ အခွန်အကောက်များ၊ မြူနီစီပယ်အခွန်အခများနှင့် မြေယာခွန် | ▪ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီးအတွင်းဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများနှင့် သမဝါယမကိစ္စများ |
| **(၃) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ** | **(၄) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ** |
| ▪ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး<br>▪ ရေချိုငါးလုပ်ငန်း<br>▪ တိုင်းဒေသကြီးအဆင့်က စီမံခန့်ခွဲခွင့်ရှိသော စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ▪ တိုင်းဒေသကြီးအဆင့်က စီမံခန့်ခွဲခွင့်ရှိသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး |
| **(၅) စက်မှုလက်မှုကဏ္ဍ** | **(၆) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ** |
| ▪ ပြည်ထောင်စုအဆင့်ကဆောင်ရွက်ရန် သတ်မှတ်ထားသည့်စက်မှုလက်မှုလုပ်ငန်းများမှအပ အခြား စက်မှုလုပ်ငန်းများ<br>▪ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ | ▪ တိုင်းဒေသကြီးက စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ လမ်းတံတားများ<br>▪ ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး |
| **(၇) လူမှုရေးကဏ္ဍ** | **(၈) စီမံခန့်ခွဲရေးကဏ္ဍ** |
| ▪ တိုင်းဒေသကြီးအတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ<br>▪ ပြတိုက်၊ စာကြည့်တိုက်များ၊ ရုပ်ရှင်ရုံနှင့် ယဉ်ကျေးမှုအမွေအနှစ်များ | ▪ စည်ပင်သာယာရေးလုပ်ငန်းများ<br>▪ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး |

## ဘတ်ဂျက်စက်ဝန်း

စက်ဝန်းပုံသဏ္ဌာန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ထပ်ကျော့ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်ဖြစ်ပြီး၊ အဆင့်တစ်ဆင့်ချင်းစီက နောက်တစ်ဆင့်တွင် မည်သည်ကိုဆောင်ရွက်ရမည်ကို ချိတ်ဆက်ညွှန်ပြပါသည်။ အောက်ဖော်ပြပါလုပ်ငန်းစဉ်ပြသရုပ်ဖော်ပုံမှာ ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့်သက်ဆိုင်သည့် ပွင့်လင်းမြင်သာမှုဆိုင်ရာစာစောင်များကို ဖော်ပြပါသည် -

**ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်း**

အစိုးရ၏ မူဝါဒဦးစားပေးများကို ဖော်ထုတ်ပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက်မူကြမ်းတစ်ရပ်အဖြစ် ပြင်ဆင်ရေးဆွဲရပါသည်။

- ဘတ်ဂျက် အကြိုထုတ်ပြန်ချက်စာစောင် (Pre Budget Statement)
- ဘတ်ဂျက် အဆိုပြုတင်ပြချက် (Executive Budget Proposal)

**လွှတ်တော်အတွင်း ဆွေးနွေးခြင်း နှင့် ဘတ်ဂျက်ကို ခွင့်ပြုခြင်း**

မူကြမ်းရေးဆွဲထားသည့် စီမံကိန်းများနှင့်ဘတ်ဂျက်ကိုဆွေးနွေးမှုများ၊စိစစ်သုံးသပ်မှုများ ဆောင်ရွက်ပြီးနောက်သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များက အတည်ပြုပါသည်။

- ဘတ်ဂျက်ဥပဒေ (Enacted Budget)
- ပြည်သူသို့ ဘတ်ဂျက်အစီရင်ခံစာ (Citizen's Budget)

**စာရင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း**

ဘတ်ဂျက်ကို အစိုးရကအဆိုပြုထားသည့် အစီအစဉ်များ၊ ကတိကဝတ်များအပေါ်သာမက စွမ်းဆောင်ရည်ပြည့်ဝသောအသုံးစရိတ်များ ဖြစ်စေရေးကိုလည်း အကဲဖြတ်ရန် လိုအပ်ပါသည်။ ထိုအဆင့်တွင်ရရှိသည့် သင်ခန်းစာများမှာ လာမည့်နှစ်ဘတ်ဂျက်ပြင်ဆင်ရာတွင် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

- စာရင်းစစ်အစီရင်ခံစာ (Audit Report)

**ဘတ်ဂျက်ကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်း**


ဘတ်ဂျက်ရေးဆွဲထားသည့်အတိုင်း ရငွေရှာဖွေခြင်းနှင့် အသုံးစရိတ်များသုံးစွဲခြင်းတို့ဖြင့် ဘတ်ဂျက်ကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းများကိုလည်း ဆောင်ရွက်ပါသည်။

- နှစ်တွင်းအစီရင်ခံစာများ (In-year Reports)
- နှစ်လည် အစီရင်ခံစာ (Mid-year Review)
- နှစ်ကုန် အစီရင်ခံစာ (Year-End Report)


ယခု ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်ကို ဘဏ္ဍာနှစ်မစတင်ခင် ၁ လခန့် ကြိုတင်ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ အနာဂတ်တွင် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဘဏ္ဍာနှစ်မစတင်ခင် ၄ လ ကြိုတင်၍ ဖွန်လဥ် ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့အားဖြင့် ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင် ပြည်သူလူထုအကြားရောက်ရှိရန်နှင့် ဆွေးနွေးတိုင်ပင်နိုင်ရန် အချိန်ပိုမိုရရှိစေမည်ဖြစ်ပြီး ဘတ်ဂျက်လုပ်ငန်းစဉ်တွင် ပြည်သူလူထု၏ပါဝင်မှုကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

## ဘတ်ဂျက်လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာနှစ်ကာလကို အောက်တိုဘာလ ၁ ရက်နေ့မှ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြင်ဆင်သတ်မှတ်ပါသည်။ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင်ပြီးဆုံးသည့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်နှင့် ချိတ်ဆက်ပေးနိုင်ရန် ဘဏ္ဍာရေးအကူးအပြောင်းကာလကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။



## အစိုးရဘတ်ဂျက်နှင့် စီးပွားရေးအကြား ဆက်နွယ်ပတ်သက်မှု




**အစိုးရ၏ရငွေ** ။ ။ အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေကို အခွန်ရငွေများ၊ အခြားရငွေများနှင့် ပြည်ထောင်စု၏လွှဲပြောင်းထောက်ပံ့ငွေများမှ ရရှိပါသည်။

**အစိုးရအသုံးစရိတ်** ။ ။ ပြည်သူများ၏လူမှုဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရေးမှာ အစိုးရတစ်ရပ်၏တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရသည် မြို့ပြဆိုင်ရာ မြူနီစီပယ်ဝန်ဆောင်မှုများအတွက် သုံးစွဲသည့်နည်းတူ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်နှင့် စီးပွားရေးလုပ်ငန်းများကို အခြားသောဒေသများ၊ ဈေးကွက်များနှင့် ချိတ်ဆက်ပေးနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ရေးအတွက်လည်း သုံးစွဲပါသည်။

**မျှော်မှန်းရလဒ်များ** ။ ။ အခြေခံအဆောက်အအုံများတွင် တိုးမြှင့် ရင်းနှီးမြှုပ်နှံခြင်းသည် ပြည်သူများ၏ လူမှုဘဝ တိုးတက်ကောင်းမွန်ရန်နှင့် ကုန်စည်နှင့် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ စီးဆင်းစေရန်ဖြစ်ပြီး၊ ပြည်သူများ စီးပွားရေးလုပ်ဆောင်မှုများတွင် တိုး၍ပါဝင်လာနိုင်စေမည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ ကောင်းမွန်စေခြင်းဖြင့် လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချနိုင်၍ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍများကို တိုးတက်လာစေမည်ဖြစ်ရာ အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှုများကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အဆိုပါစီးပွားရေးကဏ္ဍများတွင် စွမ်းဆောင်ရည်ကောင်းမွန်လာပါက ပြည်သူများ ချမ်းသာကြွယ်ဝလာခြင်းနှင့် စီးပွားရေးစနစ်အတွင်း ပိုမို ပါဝင်လာစေနိုင်ခြင်းတို့ကို ဖြစ်စေပါသည်။ ပြည်သူများ၏ ဝင်ငွေအဆင့်အတန်းမြင့်မားသည့် စီးပွားရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းလာသည်နှင့်အမျှ အစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွန်ဘဏ္ဍာဝင်ငွေများကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများက ပေးဆောင်ရမည့်အခွန်အခများကို မှန်ကန်စွာပေးဆောင်ခြင်းဖြင့် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။


## မေခရီစီးပွားရေးညွှန်ကိန်းများ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

**၁။ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ၁၀၆ ထရီလီယံ ရှိမည်ဖြစ်ရာ လူတစ်ဦးကျဂျီဒီပီတန်ဖိုးမှာ ကျပ် ၁.၉၈ သန်း ဖြစ်ပါသည်။** ဂျီဒီပီအရွယ်အစားအားဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် အရွယ်အစား မတိမ်းမယိမ်းဖြစ်ပါသည်။

**၂။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် အမှန်ဂျီဒီပီတိုးတက်နှုန်းမှာ ၇.၆% ရှိမည်ဟု ခန့်မှန်းပါသည်။** အဆိုပါတိုးတက်နှုန်းမှာ ပြီးခဲ့သည့်နှစ်များကထက် ပိုမိုပါသည်။ မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်လာခြင်းမှာ အဓိကအားဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ ဝယ်လိုအားကောင်းမွန်သည့်အတွက် ပြည်တွင်းထုတ်လုပ်မှု မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုကို အစိုးရ အသုံးစရိတ်များ တိုးမြှင့်သုံးစွဲမှုက ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

**(ပုံ - ၁) မြန်မာနိုင်ငံ၏ဂျီဒီပီ (နှစ်အလိုက်ဈေးနှုန်းအရ)**




မှတ်ချက် - ၂၀၁၅-၁၆၊ ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တို့အတွက် ဂျီဒီပီကိန်းဂဏန်းများမှာ နှစ်ကုန် ပြင်ဆင်ခန့်မှန်းချက်များဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးအကူးအပြောင်းကာလအတွက် အမျိုးသားစီမံကိန်းဥပဒေနှင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)မှ ဖြစ်ပါသည်။

**၃။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတို့တွင် ယေဘုယျအားဖြင့် စီးပွားရေး တိုးတက်လာလျက်ရှိပါသည်။** စက်မှုကဏ္ဍတိုးတက်မှုမှာ ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာခြင်းနှင့် ပို့ကုန် အထူးသဖြင့် အဝတ်အထည်ထုတ်လုပ်မှုကဏ္ဍတွင် ကောင်းမွန်လာသည့်အတွက်ဖြစ်ပါသည်။ ဝန်ဆောင်မှုကဏ္ဍတွင် ဆက်လက်တိုးတက်မည်ဟု ခန့်မှန်းသော်လည်း ခရီးသွားလာရေးကဏ္ဍ နှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့တွင် စိန်ခေါ်မှုများ ရှိနိုင်ပါသည်။ ကဏ္ဍတွင်း တိုးတက်နှုန်းအားနည်းခဲ့သည့်ကာလကို ကျော်လွန်ပြီးနောက်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ လာမည့်ဘဏ္ဍာရေးနှစ်တွင် ပြန်လည်တိုးတက်လာမည်ဟု ခန့်မှန်းပါသည်။

**၄။ ပြည်တွင်းရော၊ နိုင်ငံတကာဈေးကွက်တွင်ပါ စုစုပေါင်းဝယ်လိုအား မြင့်တက်လာလျက်ရှိပါသည်။** ပြည်တွင်းဈေးကွက်တွင် ငွေဖောင်းပွမှုနှုန်းလျော့ကျခြင်းနှင့် မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်ခဲ့ခြင်းတို့ကြောင့် ပုဂ္ဂလိကကဏ္ဍစားသုံးမှု မြင့်တက်ခဲ့ပါသည်။ လတ်တလောနှစ်များတွင် ပြည်တွင်း

ရင်းနှီးမြှုပ်နှံမှုလည်း မြင့်တက်ခဲ့ပါသည်။ ၎င်းမှာ နိုင်ငံတကာစီးပွားရေးအခြေအနေများ ပြန်လည်နာလန်ထူလာ၍ ပြည်ပဝယ်လိုအားနှင့် ပို့ကုန်မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးလက်ကျန်အခြေအနေမှာ တိုးတက်လာခဲ့ပါသည်။

၅။ **ပြည်ထောင်စုအစိုးရအသုံးစရိတ်မှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၄.၉ ထရီလီယံ ရှိမည်ခန့်မှန်းပြီး၊ ရငွေ ကျပ် ၂၀ ထရီလီယံ ရှိမည်ဖြစ်ပါသည်။** ထို့အတွက် ဘဏ္ဍာရေးလိုငွေ ကျပ် ၄.၉ ထရီလီယံ (ဂျီဒီပီ၏ ၄.၆၂ %) ဖြစ်ပေါ်မည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအသုံးစရိတ်များကို ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားရရှိရေးကဏ္ဍနှင့် လူမှု ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အဓိက ရင်းနှီးမြှုပ်နှံသုံးစွဲလာလျက်ရှိပါသည်။

၆။ **မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းပါသည်။** မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုမှာ ပြည်ပပို့ကုန်တင်ပို့သည့် လုပ်ငန်းများအတွက် အကျိုးရလဒ် ဖြစ်ထွန်းစေပါသည်။ သို့သော်လည်း ကျပ်ငွေတန်ဖိုးကျဆင်းမှုကြောင့် မြန်မာနိုင်ငံကပြန်လည်တင်သွင်းရသည့် ပြည်ပသွင်းကုန်ရင်းနှီးကုန်စည်များ၏ဈေးနှုန်းများကို မြင့်တက်စေနိုင်ပါသည်။

၇။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းမှာ ၁၀ % ဖြစ်ပါသည်။** မြင့်မားသည့်အတိုးနှုန်းများမှာ ငွေချေးယူမှုများနှင့် အသုံးစရိတ်သုံးစွဲမှုများကို ကန့်သတ်ခြင်းဖြင့် ငွေဖောင်းပွမှုနှုန်းကို သင့်တင့်အောင် ထိန်းညှိပေးသော်လည်း တဖက်တွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အကန့်အသတ်ဖြစ်စေပါသည်။

၈။ **ပြီးခဲ့သည့်နှစ်များတွင် ငွေဖောင်းပွမှုနှုန်း ကျဆင်းလာပြီး ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ၅.၉၁ % ရှိမည်ဟု ခန့်မှန်းပါသည်။** ငွေဖောင်းပွမှုနှုန်းလျော့ကျရခြင်းမှာ တစိတ်တပိုင်းအားဖြင့် ဘဏ္ဍာရေးလိုငွေအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဘဏ္ဍာငွေဖြည့်ဆည်းရမှု လျော့ကျ၍ ဖြစ်ပါသည်။ သို့သော်လည်း တစ်ဖက်တွင် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်းနှင့် အစားအစာနှင့်လောင်စာဆီဈေးနှုန်းများ မြင့်တက်ခြင်းတို့က ငွေဖောင်းပွမှုနှုန်းအပေါ် သက်ရောက်မှုများရှိနိုင်ပါသည်။

၉။ **စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် မေခရိုစီးပွားရေးဆိုင်ရာ ထိခိုက်နိုင်ချေအန္တရာယ်များလည်းရှိပါသည်။** မြန်မာနိုင်ငံမှာ နှိုင်းယှဉ်လျှင် နည်းပါးသည့်ထုတ်ကုန်အမယ်များသာ ရှိပြီး၊ အခြေခံကုန်စည်များအပေါ် မှီခိုရသည့်အတွက် တိုင်းပြည်စီးပွားရေးမှာ မြင့်တက်လာသည့်ယှဉ်ပြိုင်မှုများ၊ နိုင်ငံတကာကုန်စည်ဈေးနှုန်းကျဆင်းမှုများကို ခံနိုင်ရည်အားနည်းစေပါသည်။ မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုနှင့် ဂျီဒီပီအချိုးမှာ ၇.၁၄ % သာ ရှိပြီး၊ အကျိုးဆက်အနေဖြင့် စီးပွားရေး ပိုမိုသန်စွမ်းလာစေရန် လိုအပ်သည့် ပြည်သူ့ရေးရာရင်းနှီးမြှုပ်နှံမှုများကို မလုံမလောက်ဖြစ်စေနိုင်ပါသည်။


၁၀။ **ပြည်ထောင်စုအစိုးရက စစ်မှန်သော၊ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပုံသဏ္ဍာန်ပြောင်းလဲရေးတို့ကို ရည်မှန်းလျက် "မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်** (Myanmar Sustainable

**Development Plan - MSDP)" ကို ရေးဆွဲလျက်ရှိနေပါသည်။** ၎င်းအစီအစဉ်က ကာလလတ်တွင် ဆောင်ရွက်သွားမည့် ပေါင်းစည်းထားသော မဟာဗျူဟာများ၊ ပန်းတိုင်များနှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းရှင်းလင်းလင်း ထားရှိခြင်းနှင့် အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး

**၁၁။ ပဲခူးတိုင်းဒေသကြီး၏ ဂျီဒီပီမှာ နှစ်အလိုက်ဈေးနှုန်းများအရ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၈.၅၇ ထရီလီယံ ရှိမည်ဖြစ်ပြီး၊ ၎င်းဘဏ္ဍာနှစ်အတွက် နိုင်ငံဂျီဒီပီစုစုပေါင်း၏ ၈ % ကို ကိုယ်စားပြုပါသည်။** နိုင်ငံ၏ဂျီဒီပီအတိုင်း ပဲခူးတိုင်းဒေသကြီး၏ဂျီဒီပီမှာ လတ်တလောနှစ်များတွင် တိုးတက်လာလျက်ရှိပါသည်။

**(ပုံ - ၂) ပဲခူးတိုင်းဒေသကြီး၏ ဂျီဒီပီ (နှစ်အလိုက်ဈေးနှုန်းအရ)**





မှတ်ချက် - ၂၀၁၅-၁၆၊ ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တို့အတွက် ဂျီဒီပီကိန်းဂဏန်းများမှာ နှစ်ကုန် ပြင်ဆင်ခန့်မှန်းချက်များဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးအကူးအပြောင်းကာလအတွက် အမျိုးသားစီမံကိန်းဥပဒေနှင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)မှ ဖြစ်ပါသည်။

**၁၂။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး၏ တစ်ဦးကျ ဂျီဒီပီတန်ဖိုးမှာ ၁.၇၄ သန်း ရှိမည်ဖြစ်ပါသည်။**[1] တိုင်းဒေသကြီး၏တစ်ဦးကျဂျီဒီပီတန်ဖိုးမှာ တစ်နိုင်ငံလုံး ပျမ်းမျှတစ်ဦးကျဂျီဒီပီအောက် လျော့နည်းသော်လည်း ပဲခူးတိုင်းဒေသကြီးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ကြွယ်ဝသည့်ဒေသတစ်ခုဖြစ်ပါသည်။ အမှန်ဂျီဒီပီအားဖြင့် ပဲခူးတိုင်းဒေသကြီးမှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ၇.၈ % တိုးတက်မည်မျှော်မှန်းပြီး ၎င်းနှုန်းမှာ တစ်နိုင်ငံလုံးအတွက် အမှန်ဂျီဒီပီတိုးတက်နှုန်းလျာထားချက်ထက် သာလွန်ပါသည်။

**၁၃။ စက်မှုကဏ္ဍမှာ ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးတွင် အဓိကပါဝင်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဂျီဒီပီ၏ ၃၀.၅ % ဖြစ်ပါသည်။** စက်မှုကဏ္ဍ၏နောက် ဒုတိယနှင့် တတိယနေရာတို့တွင် စိုက်ပျိုးရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှာ ၂၉.၅ % နှင့် ၂၀.၄ % ဖြင့်လည်းကောင်း၊ နောက်ဆုံးတွင် ကုန်သွယ်ရေးကဏ္ဍမှာ ၁၉.၆ % ဖြင့်လည်းကောင်း အသီးသီးပါဝင်ပါသည်။

[1] ပဲခူးတိုင်းဒေသကြီး၏လူဦးရေမှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ၄,၉၂၈,၀၀၀ ဦး ရှိမည်ခန့်မှန်းပါသည်။

**(ပုံ - ၃) ဂျီဒီပီတွင် ကဏ္ဍအလိုက်ပါဝင်မှု**
စီးပွားရေးကဏ္ဍအလိုက်




**၁၄။ ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးတွင် စက်မှုကဏ္ဍကြီးမှာ တိုးတက်နှုန်းအမြန်ဆုံးကဏ္ဍဖြစ်ပါသည်။** ၎င်းတွင်ပါဝင်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍခွဲနှင့် ဆောက်လုပ်ရေးကဏ္ဍခွဲများ၏ အားကောင်းသည့် တိုးတက်နှုန်းကြောင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် စက်မှုကဏ္ဍကြီး၏အမှန်ဂျီဒီပီတိုးတက်နှုန်းမှာ ၁၁.၂ % ရှိမည်ဟု မျှော်မှန်းပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးမှာ နှစ်အလိုက် တိုးတက်လာသော်လည်း အခြားကဏ္ဍကြီးများနှင့်နှိုင်းယှဉ်လျှင် တိုးတက်နှုန်းနိမ့်နေဆဲဖြစ်ပြီး၊ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် အမှန်တိုးတက်နှုန်း ၃.၈ % ရှိမည်ဟု ခန့်မှန်းပါသည်။ အလားတူကာလအတွက် ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍကြီးတို့၏ အမှန်ဂျီဒီပီတိုးတက်နှုန်းများမှာ ၉.၁ % နှင့် ၇.၈ % အသီးသီးရှိမည်ဟု မျှော်မှန်းပါသည်။

**၁၅။ ပဲခူးတိုင်းဒေသကြီးမှာ မြန်မာတစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် မေခရိုစီးပွားရေးထိခိုက်နိုင်ချေများကို ရင်ဆိုင်နေရသကဲ့သို့ သီးခြားကြုံတွေ့နေရသည့်စိန်ခေါ်မှုများလည်း ရှိနေပါသည်။** ပဲခူးတိုင်းဒေသကြီးနှင့် ပြည်ထောင်စုအကြား ဘဏ္ဍာရေးအရ၊ ဈေးကွက်အရ ချိတ်ဆက်မှုများကြောင့် နိုင်ငံ၏ စီးပွားရေးဆိုင်ရာအပြောင်းအလဲများက ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးအပေါ်လည်း သက်ရောက်မည်ဖြစ်ပါသည်။ သီးခြားရင်ဆိုင်နေရသည့် စိန်ခေါ်မှုတစ်ရပ်မှာ သဘာဝဘေးအန္တရာယ်များနှင့် ၎င်းတို့ကြောင့် တိုင်းဒေသကြီးရှိ ပြည်သူများနှင့် စီးပွားရေးကို ထိခိုက်နိုင်စေခြင်းဖြစ်ပါသည်။

## ရငွေမျှော်မှန်းချက်


**၁၆။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး၏ ရငွေစုစုပေါင်းမှာ ကျပ် ၁၆၅.၈ ဘီလျံရှိမည်ဟု ခန့်မှန်းပါသည်။** ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် ၎င်းခန့်မှန်းချက်မှာ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ရှိခဲ့သည့် ကျပ် ၁၅၈ ဘီလျံထက် ၇ ဘီလျံကျော် ပိုမိုမည်ဖြစ်ပါသည်။

**၁၇။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး၏ ရငွေမျှော်မှန်းချက်အားလုံးမှာ သာမန်ရငွေများဖြစ်ပြီး၊ ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေ မရှိပါ။** သာမန်ရငွေများတွင် (က) ပြည်ထောင်စု

အစိုးရ၏ လွှဲပြောင်းထောက်ပံ့ငွေများနှင့် (ခ) ပဲခူးတိုင်းဒေသကြီးအစိုးရ၏ကိုယ်တိုင်ရှာဖွေရငွေများ ပါဝင်ပါသည်။

**၁၈။ ပြည်ထောင်စု၏လွှဲပြောင်းထောက်ပံ့ငွေမှာ တိုင်းဒေသကြီးရငွေတွင် အဓိကပါဝင်ပါသည်။** ပဲခူးတိုင်းဒေသကြီး၏ ဘတ်ဂျက်ကိန်းဂဏန်းများအရလည်းကောင်း၊ အခြား တိုင်းဒေသကြီး၊ပြည်နယ် အများစု၏ ဘတ်ဂျက်များအရလည်းကောင်း ၎င်းကဲ့သို့ ပြည်ထောင်စု၏လွှဲပြောင်းထောက်ပံ့ငွေမှ အဓိကဝင်ငွေရရှိခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်ပါသည်။ ပြည်ထောင်စု၏လွှဲပြောင်းထောက်ပံ့ငွေများအဖြစ် ပဲခူးတိုင်းဒေသကြီးသည် ပြည်ထောင်စု၏ အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ (grant transfer)၊ အခွန်ဝေစု (tax sharing) နှင့် မဲဆန္ဒနယ်ထောက်ပံ့ငွေ (constituency development fund) တို့ကို ရရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွက် ဖော်ပြပါပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေအမျိုးအစား ၃ ရပ်ပေါင်းမှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၄၂ ဘီလျံရှိပြီး၊ တိုင်းဒေသကြီး၏ရငွေစုစုပေါင်း၏ ၈၆ % နှင့်ညီမျှပါသည်။

**(ပုံ - ၄) ပဲခူးတိုင်းဒေသကြီး၏ ရငွေများ**
အမျိုးအစားအလိုက်




မှတ်ချက် - A = အမှန်, PA = ရှေ့ပြေးအမှန်, BE = ဘတ်ဂျက်ခန့်မှန်းခြေ, est = ဘဏ္ဍာငွေ အရအသုံးဥပဒေမပြဋ္ဌာန်းမီ ခန့်မှန်းချက်
ကိုယ်တိုင်ရှာဖွေရငွေတွင် ဒေသန္တရအခွန်အကောက်ရငွေ၊ အခွန်မဟုတ်သည့်အခြားရငွေများ၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများမှရငွေနှင့် ငွေလုံးငွေရင်းရငွေများ ပါဝင်ပါသည်။ လွှဲပြောင်းထောက်ပံ့ငွေများတွင် အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ (grant transfer)၊ အခွန်ဝေစု (tax sharing) နှင့် မဲဆန္ဒနယ် ထောက်ပံ့ငွေ (constituency development fund) တို့ ပါဝင်ပါသည်။ ၂၀၁၅-၁၆ ခုနှစ်တွင် အခြားလွှဲပြောင်းထောက်ပံ့ငွေများဖြစ်သည့် အိမ်ယာစီမံကိန်းအတွက်ထောက်ပံ့ငွေ၊ တိုင်းစုပေါင်းရုံး ဆောက်လုပ်ရန်ထောက်ပံ့ငွေနှင့် ကြွေးမြီရငွေ စသည်တို့လည်း ရှိခဲ့ပါသည်။

**၁၉။ ပြည်ထောင်စု၏ လွှဲပြောင်းထောက်ပံ့ငွေများအနက် အထွေထွေလွှဲပြောင်းထောက်ပံ့ငွေ (grant transfer) မှာ ပမာဏအားဖြင့် အကြီးဆုံးဖြစ်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၃၂ ဘီလျံ ရှိမည်ဖြစ်ရာ လွှဲပြောင်းထောက်ပံ့ငွေများအားလုံး၏ ၉၃ % ဖြစ်ပါသည်။** အခွန်ဝေစုရငွေနှင့် မဲဆန္ဒနယ်ဖွံ့ဖြိုးရေးထောက်ပံ့ငွေတို့မှာ ကျပ် ၆ ဘီလျံနှင့် ၂.၈ ဘီလျံ အသီးသီးရှိပြီး လွှဲပြောင်းထောက်ပံ့ငွေများ၏ ၄ % နှင့် ၂ % တို့ ဖြစ်ကြပါသည်။ ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေများအပြင် ကဝမြို့နယ်ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (United Nations Development Programme – UNDP) မှ ထောက်ပံ့ငွေ ကျပ် ၁.၂ ဘီလျံကို ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ရရှိမည်ဖြစ်ပါသည် *(ဇောင်ကွက် ၁)*။


**ဘောင်ကွက် ၁ - ပြည်သူများပါဝင်ရေးဆွဲသော မြို့နယ်စီမံကိန်း**

ကဝမြို့နယ်သည် မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲမှုနည်းလမ်းပုံစံသစ်ကို စမ်းသပ်အကောင်အထည်ဖော်ရန် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ထံမှ ကျပ် ၁.၁၆ ဘီလီယံ (၎င်းမြို့နယ်ရှိ လူတစ်ဦးကျလျှင် ၅,၈၇၇ ကျပ်နှင့် ညီမျှ) ကို ထောက်ပံ့ငွေအနေဖြင့် ရရှိမည်ဖြစ်ပါသည်။ ဤထောက်ပံ့ငွေအား မည်ကဲ့သို့အသုံးပြုမည်ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများ တွေ့ဆုံဆွေးနွေးခြင်းဖြင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ကဝမြို့နယ်ဒေသခံများက ပါဝင်ဆုံးဖြတ်ရပါသည်။ ၎င်းနည်းလမ်းပုံစံသစ်မှာ ကောင်းမွန်သောအုပ်ချုပ်ရေး၏ အခြေခံဖြစ်သော ပွင့်လင်းမြင်သာမှုရှိစေခြင်းနှင့် အားလုံး ပူးပေါင်းပါဝင်နိုင်စေခြင်းတို့ကို အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ကဝမြို့နယ်အနေဖြင့် ၎င်းရန်ပုံငွေမှ မြို့နယ်ကျောင်းများနှင့် ကျေးလက်ကျန်းမာရေးဌာနများအပါအဝင် လူမှုရေးကဏ္ဍများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံသုံးစွဲရန် ဆုံးဖြတ်ထားကြပါသည်။

http://www.mm.undp.org/content/myanmar/en/home/presscenter/articles/2017/03/23/a-new-approach-to-participatory-township-planning-tested-in-bago-region-and-mon-


**(ပုံ - ၅) လွှဲပြောင်းထောက်ပံ့ငွေများ**

အဓိကလွှဲပြောင်းထောက်ပံ့ငွေအမျိုးအစားအလိုက်




**(ပုံ - ၆) အခြားထောက်ပံ့ငွေများ**


အမျိုးအစားအလိုက်



**၂၀။ မဲဆန္ဒနယ်ဖွံ့ဖြိုးရေးထောက်ပံ့ငွေ (constituency development fund) အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်အတွက် တစ်မြို့နယ်လျှင် ကျပ် သန်း ၁၀၀ စီ ထောက်ပံ့ပါသည်။** ၎င်းထောက်ပံ့ငွေမှာ ဒေသအလိုက်၏ ဖွံ့ဖြိုးရေးလိုအပ်ချက် ၊သို့မဟုတ်၊ မြို့နယ်အလိုက်လူဦးရေတို့ကို အခြေခံခြင်းမရှိသည့်အတွက် မြို့နယ်အလိုက် ၎င်းထောက်ပံ့ငွေ လူတစ်ဦးကျရရှိနိုင်မှုတွင် ကွာဟမှုများ ရှိပါသည်။ ဥပမာအားဖြင့် ပဲခူးမြို့နယ်၏ လူတစ်ဦးကျရရှိသည့် မဲဆန္ဒနယ်ဖွံ့ဖြိုးရေးထောက်ပံ့ငွေမှာ ကျပ် ၂၀၀ ဖြစ်ပြီး၊ ဇီးကုန်းမြို့နယ်အတွက်မူ ၁၅၀၀ ကျပ် ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေကို မြို့နယ်အဆင့်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က စီမံခန့်ခွဲပါသည်။

**၂၁။ ပဲခူးတိုင်းဒေသကြီးအစိုးရက ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကိုယ်တိုင်ရှာဖွေရငွေ ကျပ် ၂၄ ဘီလီယံရရှိမည်ဟု ခန့်မှန်းပါသည်။** အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်အလားတူပင် ကိုယ်တိုင်ရှာဖွေရငွေသည် ဒေသ၏ဘဏ္ဍာရင်းမြစ်စုစုပေါင်းနှင့်နှိုင်းယှဉ်လျှင် သေးငယ်သောအစိတ်အပိုင်းတစ်ရပ်သာ ဖြစ်ပါသည် (စုစုပေါင်း ဘဏ္ဍာရင်းမြစ်၏ ၁၄ % သာ ကိုယ်တိုင်ရှာဖွေရငွေဖြစ်ပါသည်)။ ကိုယ်တိုင်ရှာဖွေရငွေများကို အခွန်ရငွေများနှင့် အခွန်မဟုတ်သည်အခြားရငွေများဟူ၍ ခွဲခြားနိုင်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး၏ ကိုယ်တိုင်ရှာဖွေရငွေတွင် ၂၂ % နှင့် ၇၈ % အသီးသီး ပါဝင်ပါသည်။

**(ပုံ - ၇) တိုင်းဒေသကြီး၏ ကိုယ်တိုင်ရှာဖွေရငွေ**
အမျိုးအစားအလိုက်





**၂၂။ အခွန်မဟုတ်သည့် အခြားရငွေ၏ ၇၀ % ကို စည်ပင်သာယာရေးအဖွဲ့များထံမှ ရရှိပါသည်။** စည်ပင်သာယာအဖွဲ့များကကောက်ခံရရှိသည့် အခွန်မဟုတ်သည့်အခြားရငွေများတွင် လိုင်စင်ကြေး၊ အသုံးပြုခရငွေနှင့် တင်ဒါလေလံကြေးတို့ ပါဝင်လေ့ရှိပါသည်။

**၂၃။ ပဲခူးတိုင်းဒေသကြီးအစိုးရက ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အခွန်ရငွေ ကျပ် ၅ ဘီလီယံ ရရှိမည်ဟု ခန့်မှန်းပြီး တိုင်းဒေသကြီးရငွေစုစုပေါင်း၏ ၃ % ခန့်ဖြစ်ပါသည်။** ယစ်မျိုးခွန်၊ အင်းအိုင်ခွန်နှင့် ပစ္စည်းခွန်တို့မှ အခွန်ရငွေ စုစုပေါင်း၏ ၈၂ % ကို ရရှိပြီး၊ ယစ်မျိုးခွန်တစ်မျိုးတည်းက ၄၆ % ပါဝင်ပါသည်။ ကျန်အခွန်ရငွေများမှာ အခွန်အမျိုးအစား ၅ ရပ်မှဖြစ်ပြီး ၎င်းအခွန်တစ်မျိုးချင်းစီ၏ကောက်ခံရရှိငွေမှာ ကျပ် သန်း ၅၀၀ အောက် လျော့နည်းပါသည်။ ဖော်ပြပါ သရုပ်ဖော်ပုံပါ အခွန်အမျိုးအစား

အလိုက် စုစုပေါင်း အခွန်ရငွေတွင်ပါဝင်မှုအချိုးမှာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်များအတွင်း ထူးထူးခြားခြား ပြောင်းလဲခြင်းမရှိပါ။

**(ပုံ - ၈) ပဲခူးတိုင်းဒေသကြီး၏ အခွန်ရငွေ**

အခွန်အမျိုးအစားအလိုက်




**၂၄။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဘီးခွန်မှအပ ကျန်အခွန်အမျိုးအစားတိုင်းမှ အခွန်ရငွေ လျော့ကျမည်ဟု ခန့်မှန်းပါသည်။** ယခင်ဘဏ္ဍာရေးနှစ် ၃ နှစ်အတွင်း ပျမ်းမျှအခွန်ကောက်ခံရငွေနှင့်နှိုင်းယှဉ်လျှင် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ဓာတ်သတ္တုခွန်မှာ ၆၇ % နှင့် သစ်တောထွက်ပစ္စည်းများအပေါ် စည်းကြပ်သည့်အခွန်မှာ ၅၄ % လျော့နည်းမည်ဟု ခန့်မှန်းပါသည်။ အကျိုးဆက်အားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရ၏အခွန်မှရငွေသည် ယခင်ဘဏ္ဍာနှစ် ၃ နှစ်၏ပျမ်းမျှနှင့်နှိုင်းယှဉ်လျှင် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ၂၀ % လျော့နည်းမည်ဖြစ်ပါသည်။[2]

**၂၅။ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာရင်းမြစ်များကို တိုင်းဒေသကြီး၏ အသုံးစရိတ်များအတွက် ဘဏ္ဍာငွေပံ့ပိုးပေးရန် တိုက်ရိုက်သုံးစွဲပါသည်။** ပဲခူးတိုင်းဒေသအတွင်း တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရတို့က ကောက်ခံသည့်အခွန်ဘဏ္ဍာများမှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် တိုက်ရိုက်ပတ်သက်မှုရှိသည့်အတွက် တိုင်းဒေသကြီးအတွက် အကျိုးဆက်များကို ဖြစ်စေနိုင်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ဝင်ငွေကျဆင်းလျှင် အကျိုးဆက်အနေဖြင့် အစိုးရ၏ အသုံးစရိတ်များနှင့် ရလဒ်များအပေါ်တွင် သက်ရောက်မှုများ ရှိနိုင်ပါသည်။

[2] ၂၀၁၅-၁၆ (အမှန်)၊ ၂၀၁၆-၁၇ (ရှေ့ပြေးအမှန်) နှင့် ၂၀၁၇-၁၈ (ရှေ့ပြေးအမှန်) တို့နှင့်နှိုင်းယှဉ်ထားပြီး၊ ၂၀၁၈ ခုနှစ် ၆ လတာ အကူးအပြောင်းကာလကို ချန်လှပ်ထားပါသည်။


## အသုံးစရိတ်လျာထားမှု

**၂၆။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး၏ အသုံးစရိတ်ကို ကျပ် ၁၆၅.၈ ဘီလီယံ ရှိမည်ဟု ခန့်မှန်းပါသည်။** ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်လျာထားချက်တွင် ကြွေးမြီရငွေ တနည်းအားဖြင့် ငွေချေးယူရန်လျာထားခြင်းမရှိသည့်အတွက် တိုင်းဒေသကြီး၏အသုံးစရိတ်ကို ပြည်ထောင်စုအစိုးရက ခွဲဝေပေးသည့် လွှဲပြောင်းထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး၏ ကိုယ်တိုင်ဘဏ္ဍာရှာဖွေရငွေများဖြင့် ပံ့ပိုးမည်ဖြစ်ပါသည်။

**၂၇။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး၏ အစိုးရအသုံးစရိတ်မှာ ဂျီဒီပီ၏ ၂ % ခန့်ရှိမည်ဖြစ်ပါသည်။** တိုင်းဒေသကြီး၏ဘတ်ဂျက်မှ လူတစ်ဦးကျအသုံးစရိတ်မှာ ၃၃,၆၅၀ ကျပ် ရှိမည်ဖြစ်ပါသည်။

**၂၈။ ပဲခူးတိုင်းဒေသကြီး၏ အသုံးစရိတ်မှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက်အနည်းငယ်မြင့်တက်ပါသည်။** ၂၀၁၈-၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၏အသုံးစရိတ်မှာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်လျှင် ၂ % ခန့် ပိုမိုမည်ဖြစ်ပါသည်။ သို့သော်လည်း ငွေဖောင်းပွမှုနှုန်းမှာ ၅.၉၁ % ဖြင့် ၎င်းနှုန်းထက် ပိုမိုသောကြောင့် တိုင်းဒေသကြီးဘတ်ဂျက်အသုံးစရိတ် အမှန်တိုးတက်နှုန်းမှာ လျော့ကျသည်ဟုဆိုနိုင်ပါသည်။


**(ပုံ - ၉) တိုင်းဒေသကြီးဘတ်ဂျက်မှ အသုံးစရိတ်**




**၂၉။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် လျာထားဘတ်ဂျက်အသုံးစရိတ်တွင် ငွေလုံးငွေရင်းအသုံးစရိတ် ၅၈ % နှင့် သာမန်အသုံးစရိတ် ၄၂ % အသီးသီးပါဝင်မည်ဖြစ်ပြီး ယခင်နှစ်များ၏ အသုံးစရိတ်ခွဲဝေမှုအချိုးနှင့် များစွာကွာဟမှုမရှိပါ။** ပဲခူးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ပြည်ထောင်စုအစိုးရနှင့်နှိုင်းယှဉ်လျှင် ငွေလုံးငွေရင်းအသုံးစရိတ်အပေါ်တွင် ပိုမိုခွဲဝေသုံးစွဲလေ့ရှိပါသည်။

**(ပုံ - ၁၀) တိုင်းဒေသကြီးဘတ်ဂျက်အသုံးစရိတ်**


သာမန်နှင့် ငွေလုံးငွေရင်းပါဝင်မှု ရာခိုင်နှုန်း




မှတ်ချက် - ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် စုစုပေါင်းရငွေတွင် ကြွေးမြီရငွေပါဝင်မှုမှာ သေးငယ်သဖြင့် အထက်ပါသရုပ်ဖော်ပုံတွင် ထည့်သွင်းမထားပါ။

၃၀။ **ငွေလုံးငွေရင်းအသုံးစရိတ်အများစုကို ပဲခူးတိုင်းဒေသကြီးဘတ်ဂျက်ပါဌာန ၃ ခုက အဓိက သုံးစွဲရန် လျာထားပါသည်။** တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ လမ်းဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ တို့သည် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၇၃ % ကို သုံးစွဲရန် လျာထားပါသည်။

**(ပုံ - ၁၁) ဌာနအလိုက် ငွေလုံးငွေရင်းအသုံးစရိတ်သုံးစွဲမှုရာခိုင်နှုန်း**





၃၁။ **လမ်းဦးစီးဌာနက လျာထားသည့်ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်း၏ ၃၉ % ကို သုံးစွဲမည် ဖြစ်ပါသည်။** ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာန၏ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် နှစ်ရပ်ပေါင်းမှာ ကျပ် ၄၅ ဘီလီယံ ရှိမည်ဖြစ်ပြီး ၎င်းပမာဏမှာ တိုင်းဒေသကြီးဘတ်ဂျက်အသုံးစရိတ် စုစုပေါင်း၏ ၂၇ % နှင့်ညီမျှပါသည်။ ဤအချက်သည် ပဲခူးတိုင်းဒေသကြီးအစိုးရက ဒေသတွင်းလမ်းပန်း ဆက်သွယ်ရေးကောင်းမွန်စေရန် ဦးစားပေးဆောင်ရွက်လျက်ရှိနေသည်ကို ရည်ညွှန်းပြီး၊ လမ်းပန်း

ဆက်သွယ်ရေး ကောင်းမွန်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

၃၂။ **ယခင်ဘဏ္ဍာရေးနှစ်များအတိုင်း ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်၌ လစာနှင့် ချီးမြှင့်ငွေများမှာ အများဆုံးဖြစ်ပါသည်။** လစာစရိတ်နှင့် ချီးမြှင့်ငွေများမှာ သာမန်အသုံးစရိတ်၏ ၄၁ % (တိုင်းဒေသကြီးအသုံးစရိတ်စုစုပေါင်း၏ ၁၇ ရာခိုင်နှုန်း) ဖြစ်ပါသည်။ ဒုတိယအများဆုံး သာမန်အသုံးစရိတ်အမျိုးအစားအဖြစ် စိုက်ပျိုးရေးအတွက်ရေပေးဝေမှုမှာ သာမန်အသုံးစရိတ်၏ ၂၁ ရာခိုင်နှုန်းဖြစ်ပြီး၊ ကုန်စည်၊ ဝန်ဆောင်မှုနှင့် လုပ်အားခအတွက် ကုန်ကျစရိတ်များနှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်များမှာ သာမန်အသုံးစရိတ်၏ ၁၂ ရာခိုင်နှုန်းစီ ရှိမည်ဟု ခန့်မှန်းပါသည်။

**(ပုံ - ၁၂) သာမန်အသုံးစရိတ်အမျိုးအစားအလိုက် လျာထားချက် ရာခိုင်နှုန်း**




၃၃။ **ပဲခူးတိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ အသုံးစရိတ်များအပြင် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အသုံးစရိတ်များလည်း ပဲခူးတိုင်းဒေသကြီးတွင် ရှိပါသည်။** သို့သော်လည်း တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲခြင်းမဟုတ်သည့်အတွက် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ တိုင်းဒေသကြီးအတွက် အသုံးစရိတ်ကိုမူ ထည့်သွင်းဖော်ပြမထားပါ။ နောင်ထုတ်ပြန်မည့် ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်များတွင် ပဲခူးတိုင်းဒေသကြီးအတွင်း သုံးစွဲသည့် ပြည်ထောင်စုဘတ်ဂျက်မှ အသုံးစရိတ်များနှင့်ပတ်သက်၍ ပိုမို ဖော်ပြသွားနိုင်ရန် ရည်ရွယ်ထားပါသည်။

## နိဂုံးချုပ်အမှာစကား

ယခု ပထမဆုံးအကြိမ်ထုတ်ပြန်သည့် ပဲခူးတိုင်းဒေသကြီး၏ ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်မှာ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်မူဝါဒ၊ စီးပွားရေးညွှန်ကိန်းများ၊ လျာထားသည့် ရငွေနှင့် အသုံးစရိတ်များနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်တို့ကို ရှင်းလင်းဖော်ပြထားပါသည်။ အဆိုပါ အချက်အလက်များကို ဘတ်ဂျက်လုပ်ငန်းစဉ်၏အစောပိုင်းတွင် ထုတ်ပြန်ခြင်းဖြင့် တိုင်းဒေသကြီး၏ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှု တိုးတက်စေရန်နှင့် ဘတ်ဂျက်လုပ်ငန်းစဉ်တွင် ပြည်သူလူထုပါဝင်နိုင်စေရန် ရည်ရွယ်ပါသည်။

လာမည့်နှစ်များတွင်လည်း ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်ကို နှစ်စဉ်ထုတ်ပြန်နိုင်ရန် ကြိုးပမ်းမည်ဖြစ်ပါသည်။ ထိုသို့ထုတ်ပြန်ရာတွင် တိုင်းဒေသကြီး၏ ဦးစားပေးမူဝါဒများအပါအဝင် စာစောင်ပါအကြောင်းအရာများ တိုးတက်ကောင်းမွန်လာရေးကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် လာမည့်ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်ကို ဘဏ္ဍာနှစ်မတိုင်ခင်အစောပိုင်း၌ ထုတ်ဝေနိုင်ခြင်းဖြင့် ပြည်သူလူထု၏ပါဝင်နိုင်မှုအတွက် အခွင့်အလမ်းဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ယခု ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်မှာ ဘတ်ဂျက်လုပ်ငန်းစဉ်၏ ပထမခြေလှမ်းသာ ဖြစ်ပါသည်။ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့် ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာ (Citizen's Budget) ကို ဆက်လက်ထုတ်ဝေမည်ဖြစ်ပါသည်။ ပြည်သူလူထုက ဘတ်ဂျက်အသိအမြင်ပွင့်လင်းရေးစာစောင်များကို ဖတ်ရှုလေ့လာကြ၍ ဘတ်ဂျက်လုပ်ငန်းစဉ်တွင် ပိုမို ပါဝင်လာနိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

### ဆွေးနွေးနိုင်ရန်အချက်များ

ယခု ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်မှာ ဆွေးနွေးတိုင်ပင်မှုများကို အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ဖတ်ရှုသူများ၏ ဖော်ပြပါကဲ့သို့သောတုန့်ပြန်မှုများကိုရရှိရန် ဖိတ်ခေါ်လိုပါသည် -

- တိုင်းဒေသကြီးအတွက် ဦးစားပေးမူဝါဒများနှင့် ပြည်သူလူထု၏ လိုလားချက်များ
- ဖော်ပြပါဦးစားပေးများကို အောင်မြင်ထမြောက်စေရန် အသုံးစရိတ်သုံးစွဲမှုပုံစံများ
- ၎င်းအသုံးစရိတ်များအတွက် ဘဏ္ဍာငွေအရင်းအမြစ်ကို ဖြည့်ဆည်းနိုင်မည့်နည်းလမ်းများ
- ပိုမို ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဆောင်ရွက်စေလိုသည်များ

## တာဝန်ယူ၊ တာဝန်ခံမှု

ယခု ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင်၏ ရည်ရွယ်ချက်မှာ တာဝန်ယူ၊ တာဝန်ခံမှု မြင့်တင်နိုင်ရန်နှင့် ပြည်သူလူထုပါဝင်နိုင်သည့် ဘတ်ဂျက်ရေးဆွဲခြင်းအလေ့အထ ဖွံ့ဖြိုးလာစေရန် ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ယခုစာစောင်ကို ထုတ်ဝေရန်အတွက်သာမဟုတ်ဘဲ ဘတ်ဂျက်ရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ထိတွေ့နိုင်မှုကို ဖန်တီးပေးနိုင်ရန် ဖြစ်ပါသည်။ ထို့မှသာ ပဲခူးတိုင်းဒေသကြီးအစိုးရက ပြည်သူ့လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ တုန့်ပြန်နိုင်မည် ဖြစ်သည့်အတွက် ပြည်သူ့ထံမှ တုန့်ပြန်မှုများ၊ မေးမြန်းဆွေးနွေးမှုများကို ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့ဘက်မှလည်း ပြည်သူ့ထံမှအသံများကို နားစွင့်၍ နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရာတွင် မည်သို့ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လျက်ရှိသည်ကို ဖြေကြားသွားနိုင်မည်ဖြစ်ပါသည်။

## တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ဆက်သွယ်ရန်

ဖုန်းနံပါတ် - ၀၅၂ ၂၂၀၁၀၈၈

အီးမေးလ် - bagobudget@gmail.com

# အခြားလေ့လာဖတ်ရှုနိုင်သည့်သတင်းအချက်အလက်များ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)**

http://www.moi.gov.mm/sites/default/files/files/Con%20%26%20Repub%20(Myanm%20%26%20Eng)%20Big-1.pdf

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်)**

https://www.pyithuhluttaw.gov.mm/?q=laws&page=10

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေအဆိုပြုတင်ပြချက် အနှစ်ချုပ် (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**

https://www.mopf.gov.mm/sites/default/files/upload_pdf/2018/08/2018-2019%20FY_Budget%20Brief.pdf

**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအနှစ်ချုပ်**

http://www.dop.gov.mm/sites/dop.gov.mm/files/publication_docs/overview_and_results_of_the_2014_census9_1_2018.pdf

**ပဲခူးတိုင်းဒေသကြီး၏ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်**

https://rimyanmar.org/en/publication-category/support-government

**ပဲခူးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေမူဝါဒဆိုင်ရာ အကျဉ်းချုပ်အစီရင်ခံစာများ (Renaissance Institute)**

https://rimyanmar.org/en/publication-category/budget-briefs

**အစိုးရဘတ်ဂျက် ပွင့်လင်းမြင်သာရေးလမ်းညွှန်စာစောင်များ (International Budget Partnership)**

https://www.internationalbudget.org/wp-content/uploads/Government_Transparency_Guide1.pdf

**မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ (၂၀၁၈ ခုနှစ်၊ မေလ) - ကမ္ဘာ့ဘဏ်**

http://documents.worldbank.org/curated/en/111271527015535987/pdf/126403-WP-v2-PUBLIC-MEM-MASTER-clean-with-cover.pdf

**မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပြည်သူ ပူးပေါင်းပါဝင်သော မြို့နယ်အဆင့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ နည်းလမ်းသစ် (UNDP)**

http://www.mm.undp.org/content/myanmar/en/home/presscenter/articles/2017/03/23/a-new-approach-to-participatory-township-planning-tested-in-bago-region-and-mon-state.html

**ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အဓိပ္ပါယ်နှင့် အသုံးအနှုန်းများ (The Asia Foundation)**

https://asiafoundation.org/publication/publicfinancial-management-glossary-terms/

**A Quick Guide to Public Financial Management in Myanmar (Oxfam)**

https://myanmar.oxfam.org/policy_paper/quick-guide-public-financial-management-myanmar

**RENAISSANCE INSTITUTE**

ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့နှင့်
Renaissance Institute က ပူးပေါင်းဆောင်ရွက်ပါသည်။